mgyoe.com

SAMPLE BOOK

ဝန်းရှေ့ပြည်စာအုပ်တိုက်

# မြတ်ဒွေးမောင်

# ဘဝအောင်မြင်ရေး နှင့် ဦးနှောက်စွမ်းအား

# BRAIN BUILDING FOR ACHIEVEMENT


**HERBERT CASSON**


ဒုတိယအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK

ပန်းရွှေပြည်စာအုပ်များ
www.pannshwepyi.com
pannshwepyibookshop@gmail.com
09 5181715
09 5145728




mgyoe.com

mgyoe.com SAMPLE BOOK

**တန်ဖိုး**
၁၂၁၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**ပထမအကြိမ်**
၂၀၀၁ ခုနှစ် နိုဝင်ဘာလ

**မျက်နှာဖုံး**
ပန်းရွှေပြည်

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းထွန်း (၀၅၀၂၇)
သန်းထွန်းပုံနှိပ်တိုက်
အမှတ် ၁၀၁၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**စာအုပ်ချုပ်**
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

မြတ်ငွေးမောင်

# ဘဝအောင်မြင်ရေး
နှင့်
# ဦးနှောက်စွမ်းအား

# BRAIN BUILDING
# for
# ACHIEVEMENT

HERBERT CASSON

mgyoe.com

mgyoe.com
SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK 

## ဘဝအောင်မြင်ရေးနှင့် ဦးနှောက်စွမ်းအား


နိဒါန်း ၇

အခန်း–၁ ၉

အားလပ်ချိန်ကို အသုံးချခြင်း

အခန်း–၂ ၂၉

ရည်မှန်းချက် မြင့်မားခြင်း

အခန်း–၃ ၄၅

အကောင်းဆုံးစွမ်းရည်ကို ဖောက်ချလေ့ကျင့်ခြင်း

အခန်း–၄ ၅၅

ဦးနှောက်စွမ်းအား နိုးကြားတိုးပွားစေရန် ပညာဖြန့်ဝေပါ

အခန်း–၅ ၅၉

သဘောတရားကို လက်တွေ့ဘဝဖြင့် ချိန်ဆခြင်း

အခန်း–၆ ၈၃

ကြောက်စိတ်ကို ဖယ်ရှားခြင်း

အခန်း–၇ ၉၁

အပျက်စိတ်ကို ထိန်းကျောင်းဖယ်ရှားခြင်း


mgyoe.com

mgyoe.com SAMPLE BOOK

အခန်း–၈ ၉၇
မိုးခါးရေသောက် မလုပ်နှင့်
အခန်း–၉ ၁၀၅
အထိးကျန် မနေနှင့်
အခန်း–၁၀ ၁၁၉
ဦးနှောက်စွမ်းအား နိုးကြားစေရန် ခရီးထွက်ပါ
အခန်း–၁၁ ၁၂၉
အားအင်ပြန်လည် တိုးပွားစေသော နည်းလမ်းများ
အခန်း–၁၂ ၁၃၉
နုပျိုစိတ် မွေးမြူပါ

mgyoe.com

mgyoe.com SAMPLE BOOK

## နိဒါန်း

သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲနေသော ယနေ့ကမ္ဘာတွင် သင့်အတွက် လိုအပ်နေသည်မှာ ပြတိုက်တစ်ခုလိုဦးနှောက်မျိုး မဟုတ်ဘဲ၊ အသိပညာတို့ကို လိုအပ်သလို စဉ်းစားဆင်ခြင်တတ်ရပါမည်။ သုံးသပ်ဆုံးဖြတ်နိုင်သည့်စိတ်စွမ်းအား လုံလောက်စွာ ရှိရပါမည်။ လူ့သဘာဝကိုနားလည်ပြီး တီထွင်ကြံဆနိုင်သည့် ထိုးထွင်းဉာဏ်ရှိရန် လိုပါသည်။ ပညာဗဟုသုတ ရှာဖွေလိုစိတ်ရှိပြီး ယင်းတို့ကို စနစ်တကျ ခွဲခြား အကဲဖြတ်နိုင်ရပါမည်။ ဤစာအုပ်တွင် ယင်းစွမ်းရည်များပိုင်ဆိုင်ရန် နည်းလမ်းအပြည့်အစုံ တင်ပြထားပါသည်။ သင်၏စီးပွားရေးနှင့် လူမှုဘဝအဆင့်အတန်းသည် သင့်ဦးနှောက်စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဓိက မူတည်နေပါသည်။ လူ့ ကိုယ်ခန္ဓာသည် ဓာတုဗေဒဆိုင်ရာ တန်ဖိုးအနည်းငယ်သာရှိသော်လည်း ဦးနှောက်စွမ်းအားကို တန်ဖိုးဖြတ်ရန် မလွယ်ပေ။ သင့်ဘဝတန်ဖိုး မြင့်မားလိုလျှင် သင့်ဦးနှောက်ကို ကောင်းစွာ လေ့ကျင့် အသုံးချရပါမည်။ ယင်းသို့ လေ့ကျင့်အသုံးချနိုင်ရန် ဤစာအုပ်တွင် လမ်းညွှန်ထားပါသည်။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

'ဟားဘတ်ကတ်ဆင်'သည် ကျော်ကြားသော စာရေးဆရာကြီးတစ်ဦးဖြစ်ပြီး၊ ထင်ရှားသော စီးပွားရေး မဂ္ဂဇင်းတစ်ခု၏ အယ်ဒီတာ ဖြစ်သည်။ သူသည် လုပ်ငန်း စွမ်းဆောင်မှု၊ အသုံးချစိတ်ပညာ၊ ဘဝတိုးတက်ရေး စာအုပ် အများအပြား ရေးစားထုတ်ဝေခဲ့သည်။။ ဤစာအုပ်တွင် ဆရာကြီးသည် လုပ်ငန်း အသက်မွေးဝမ်းကျောင်းနှင့် လူမှု ဘဝဆိုင်ရာ အံ့ဖွယ်စိတ်စွမ်းအား ပြုစုပျိုးထောင်နည်းများ ကို တိကျပြည့်စုံစွာ တင်ပြထားပါသည်။ စိတ်စွမ်းအားကို လက်တွေ့ထိန်းကျောင်း အသုံးချနည်းများကိုလည်း ရှင်း လင်းစွာ တင်ပြထားပါသည်။ ဆရာကြီးသည် လူ ထောင်ပေါင်းများစွာကို တွေ့ဆုံလေ့လာပြီး သူတို့၏ မျှော်လင့်ချက်၊ လိုအင်ဆန္ဒ၊ ကြောက်ရွံ့မှု၊ အခက်အခဲများ၊ အောင်မြင်မှုများနှင့် ဆုံးရှုံးမှုများအား အခြေခံကာ ဤစာအုပ်တွင် မှတ်သားလိုက်နာဖွယ် သင်ခန်းစာများကို တင်ပြထားပါသည်။

ဟားဘတ်အင်န်၊ ကတ်ဆင်


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း–၁

## အားလပ်ချိန်ကို အသုံးချခြင်း

ဦးနှောက်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့စဉ်လုပ်နေသော အလုပ်တစ်မျိုးတည်းဖြင့် မလုံလောက်ကြောင်းကို ဤအခန်းတွင် တင်ပြလိုပါသည်။

နေ့စဉ်လုပ်နေရသော အလုပ်များသည် လုပ်ရိုးလုပ်စဉ်အလုပ်များသာ ဖြစ်လေသည်၊ ယနေ့လုပ်နေသော အလုပ် ၅ပုံ၄ပုံသည် မနေ့ကလုပ်သော အလုပ်မျိုးပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ သူသည် တီထွင်ဖန်တီးရန်မလိုဘဲ မှတ်ဉာဏ်ကိုသာ သုံးနေလေသည်။ လုပ်နေသောအလုပ် အများစုကို စက်ရုပ်တစ်ရုပ်လိုသာ လုပ်နေလေသည်။

လူတွင် စိတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်သောအခါ နေ့စဉ် လုပ်နေကျအလုပ်ကိုလည်း စဉ်းစားသုံးသပ် လုပ်ကိုင်လာသည်။ သေးမွှားသော အချက်အလက် အဖြစ်အပျက်မှပင် သူသည် သင်ခန်းစာ၊ သဘောတရား ရယူနိုင်လေသည်။ သူ့ဦးနှောက်သည် လေ့လာရန်နှင့် ဆင်ခြင်သုံးသပ်ရန် အလေ့အကျင့် ဖြစ်နေသည်။ သူလုပ်ကိုင်သော အလုပ်တိုင်းတွင် ဦးနှောက်စွမ်းအားကို အပြည့်အဝ အသုံးချလေသည်။

ပန်းရှေ့ပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ဦးနှောက်စွမ်းအား ဖွံ့ဖြိုးတိုးတက်လာစေရန် အားလပ်ချိန်ကို စနစ်တကျ အသုံးချရပါမည်။ ဦးနှောက်စွမ်းအား မြင့်မားလာရေးမှာ သေးမွှားသောအလုပ်တော့ မဟုတ်။ အင်ဂျင်စက်တစ်လုံးကို ဖန်တီးထားသလို စူးစိုက်မှုရှိရန် လိုလေသည်။ စတင်လုပ်ဆောင်ချိန်တွင် ကျွမ်းကျင်ဦးမည် မဟုတ်ပေ။ မွေးရာပါစွမ်းရည်သည် လုပ်ငန်းအတွက် ပြည့်စုံလုံလောက်မည် မဟုတ်ပေ။ လုပ်ငန်းတွင် ကျွမ်းကျင်ရန် ဆက်လက်ကြိုးစားရပေမည်။

အားလပ်ချိန်တွင် လူငယ်တစ်ဦး နေထိုင်လုပ်ကိုင်ပုံကို အကဲခတ်ခြင်းဖြင့် သူ့အနာဂတ်ကို ခန့်မှန်းနိုင်သည်။ သူသည် သာမန် ပွဲကြည့်ပရိသတ်လား၊ တီထွင်ဖန်တီးနိုင်သည့်အလားအလာ ရှိသူလား ဆိုသည်ကို မှန်းဆနိုင်သည်။ လူတိုင်းသည် ယင်းလူ ၂ မျိုးအနက် တစ်မျိုးတွင် ပါဝင်စမြဲဖြစ်သည်။ သူသည် ဘဝဇာတ်ခုံတွင် တက်ကြွစွာ ပါဝင်ကပြမည်။ သို့မဟုတ် ပွဲကြည့်ပရိသတ်တစ်ဦးသာ ဖြစ်နေမည်။

သူသည် အားလပ်ချိန်တွင် ရုပ်ရှင်၊ ပွဲလမ်းသဘင်၊ အပျော်အပါး စသည်တို့တွင်သာ အချိန်ကုန်နေလျှင် သူ့ဘဝတစ်လျှောက်လုံး ပွဲကြည့်ပရိသတ်တစ်ဦးသာ ဆက်လက် ဖြစ်နေပေမည်။ သူ့ဘဝသည် ထူးခြားမှုမရှိသောကြောင့် သူ ကွယ်လွန်သည်နှင့် လူတို့ မေ့ပျောက်သွားပေ


mgyoe.com

mgyoe.com SAMPLE BOOK

မည်။ သူလုပ်သောအလုပ်မျိုးကို အခြား သာမန်လူ တစ်ဦးက ဆက်လုပ်နိုင်လေသည်။ သို့သော် အနည်းဆုံး သူ့အားလပ်ချိန် တစ်ဝက်ခန့်ကို အသိပညာရရန်နှင့် စွမ်းရည်တိုးတက်အောင် လုပ်ဆောင်နိုင်လျှင် သူသည် အောင်မြင်သူ၊ တီထွင်ဖန်တီးနိုင်သူ ဖြစ်လာမည်မှာ သေချာလေသည်။

လူငယ်လူရွယ်အများစုသည် ပေါ့ပေါ့နေ ပေါ့ပေါ့ စားဆိုသလို နေလိုကြသည်။ သူတို့သည် လောလော လတ်လတ်ပျော်ရွှင်မှုကိုသာ ဦးစားပေးကြပြီး၊ ရေရှည် အကျိုးကို မကြည့်ပေ။ မိမိ၏အနာဂတ်တာဝ သာယာလိုလျှင် ငယ်ရွယ်စဉ်အချိန်၌ စွမ်းရည်တိုးတက်အောင် လုပ်ဆောင် ရပေမည်။ တစ်နည်းအားဖြင့် အသက် ၄၀ မတိုင်မီ အရည်အချင်းမြင့်မားနေလျှင် ဘဝနောက်ပိုင်းတွင် အကျိုး ကျေးဇူးခံစားရမည်မှာ သေချာလေသည်။

လူတစ်ဦးသည် ငယ်ရွယ်စဉ် အပျော်အပါးဖြင့်သာ အချိန်ကုန်နေပြီး၊ အရည်အချင်းတိုးတက်အောင် မကြိုး စားလျှင် သူ့အသက် ၃၀ လောက်တွင် သက်တူရွယ်တူ များက သူ့ထက် အဆင့်အတန်းမြင့်နေသည်ကို တွေ့ရ ပေမည်။ စဉ်းစားဆင်ခြင်တတ်သူ လူငယ်သည် သူ့ဘဝ ရေရှည်အကျိုးကို မျှော်မှန်းလုပ်ဆောင်လေသည်။ သူ့ဘဝ အဆင့်ဆင့် မြင့်မားလာစေရန် အဖိုးတန်အချိန်များကို သူ


mgyoe.com

mgyoe.com SAMPLE BOOK

အသုံးချလေသည်။ သူသည် အသိပညာတို့ကို ကြိုးစားရှာဖွေနေပြီး၊ ယင်းတို့ကို ကောင်းစွာ အသုံးချလေသည်။ ထို့ကြောင့် သူ့ဘဝတစ်လျှောက်လုံး အဆင်ပြေသာယာနေလေသည်။

အလုပ်လက်မဲ့ဆိုသောစကားသည် အပြင်ပန်းမျက်မြင်ကိုယ်ခန္ဓာကိုသာ ရည်ညွှန်းလေသည်။ 'စိတ်အလုပ်လက်မဲ့'ဖြစ်နေခြင်းကို စာရင်းကောက်ယူရန်မလွယ်သော်လည်း၊ စိတ်အလုပ်လက်မဲ့ဖြစ်နေသူ သန်းပေါင်းများစွာ ရှိလေသည်။ ယင်းစိတ်များ၏ တွေးမြင်နိုင်သည့်စွမ်းအားကို အသုံးမချကြပေ။ တီထွင်နိုင်သည့် ဦးနှောက်အရှေ့ခြမ်းသည် လုံးဝ အလုပ်လုပ်ပေ။ ဦးနှောက်အလုပ် မလုပ်စေကာမူ သူသည် နေထိုင်လုပ်ကိုင် သွားလာနိုင်သည်။ မှတ်ဉာဏ်၊ အတွေ့အကြုံ စသည်တို့၏ ညွှန်ကြားမှုဖြင့် လုံလောက်လေသည်။ ဦးနှောက်အရှေ့ခြမ်းကို အသုံးပြုသဖြင့် လူသည် တိရစ္ဆာန်များထက် အဆင့်မြင့်နေလေသည်။

လူသည် ကိုယ်ကျန်းမာ စိတ်ချမ်းသာရေးအတွက် အနားယူအပန်းဖြေရန် လိုအပ်လေသည်။ သို့မှသာ မိမိနှင့် သူတစ်ပါးတို့ အကျိုးရှိအောင် လုပ်ဆောင်နိုင်မည်။

တစ်ခါက မိုက်မဲအသုံးမကျသော လူငယ်တစ်ဦးသည် အိုမင်းသောပန်းချီဆရာကြီးတစ်ဦး အလုပ်လုပ်နေ


mgyoe.com

mgyoe.com
သော အလုပ်ရုံထဲ ဝင်သွားပြီး "လေ့ကျင့်ခန်းတွေ မလုပ်ဘဲနှင့် ခုလိုကျန်းမာနေတာ အံ့သြစရာပါပဲ။ ကျွန်တော်ဖြင့် ကျန်းမာအောင် တစ်ချိန်လုံး ဂရုစိုက်နေရတယ်"ဟု ပြောလေသည်။ ထိုအခါ ဆရာကြီးက ပြန်မေးလိုက်လေသည်။

"ကျန်းမာပြီး ဘာလုပ်ဖို့လဲ"

ယခုအခါ လူများစွာတို့သည် အားကစားနှင့် အပန်းဖြေအနားယူမှုကို အချိန်များစွာ ပေးနေကြသည်။ ခွန်အားနှင့် ကျန်းမာခြင်းတို့၏ ရည်ရွယ်ချက်သည် လူသားတစ်ဦးအနေဖြင့် ပိုမိုအသုံးဝင်သူ ဖြစ်လာရန်ပင် ဆိုသည်ကို မမေ့သင့်ပေ။ အပန်းဖြေရုံသက်သက်သည် အချိန်ဖြုန်းနေခြင်းပင် ဖြစ်သည်။ ကိရိယာတစ်ခုကို အသုံးမပြုလျှင် ယင်းကိရိယာကို ဘာ့ကြောင့် ချွန်သွေးနေမည်နည်း။ အပန်းဖြေခြင်းနှင့် ကျန်းမာခြင်းတွင် ရည်ရွယ်ချက်ရှိရပါမည်။

စိတ်ပိုင်းဆိုင်ရာပျင်းရိမှုသည် ဆိုးရွားသောရောဂါတစ်မျိုးဟု ဆိုရပေမည်။ နေ့အချိန်တွင် ဦးနှောက်သည် အနားယူရန် မလိုပေ။ အပြောင်းအလဲသာ လိုပေသည်။ အိပ်ချိန်တွင်ရရှိသော အနားယူမှုဖြင့် လုံလောက်လေသည်။

အလုပ်တစ်မျိုးတည်းကို အချိန်အလွန်ကြာအောင် လုပ်ဆောင်နေလျှင် ဦးနှောက် ပင်ပန်းလာနိုင်သည်။ ဦးနှောက်အလုပ်သမားတစ်ဦးသည် ၂ နာရီ သို့မဟုတ်


mgyoe.com

mgyoe.com  SAMPLE BOOK 

၃ နာရီခန့်ကြာလာလျှင် အပြောင်းအလဲ လုပ်ဆောင်သင့်လေသည်။ သို့မှသာ ဦးနှောက်၏ အခြားအစိတ်အပိုင်းသို့ သွေးများ ပြောင်းလဲရောက်သွားမည်။ ဘာမျှမလုပ်ဘဲ ထိုင်အနားယူရန် မလိုပေ။

လူများစွာတို့သည် အရွယ်ကောင်းတုန်းအချိန်မှာပင် နည်းအမျိုးမျိုးဖြင့် အချိန်ဖြုန်းနေကြလေသည်။ သည်းထိတ်ရင်ဖိုစာများ ဖတ်ကြသည်။ ပဟေဠိ ဖြေကြသည်။ လက်ဖက်ရည်ဆိုင်မှာ နာရီများစွာ ထိုင်ကြသည်။ အခြားနည်းများစွာတို့ပဖြင့် အချိန်ဖြုန်းကြလေသည်။ **သူတို့ ငြ်ဆိုင်သောအချိန်ကို အရင်းအနှီးသဖွယ် အသုံးမချဘဲ၊ ြန်းပစ်ရန်သာ စိတ်ကူးကြလေသည်။**

ခွန်အားတို့ကို ထွက်ပေါက်ပေးရန် လိုသော်လည်း ပဟေဠိဖြေခြင်းမျိုးတို့ဖြင့် အချိန်ကုန်လွန်စေခြင်းသည် အကျိုး မရှိဆုံးအလုပ်ဟု အက်စ်မီ ဝင်းဖီး (Esme Wingfield)က ဆိုလေသည်။

ပျင်းရိပြီး ဦးနှောက်မဖွံ့ဖြိုးသေးသူများသည် အားလပ်ချိန်ကို ဖြုန်းပစ်စရာဟုသာ ယူဆကြလေသည်။ အားလပ်ချိန်၌ တန်ဖိုးရှိကြောင်း မသိကြပေ။ ယင်းအချိန်ကို ပျော်ရွှင်စရာများဖြင့် မည်သို့ဖြုန်းပစ်ရမည်ကိုသာ စဉ်းစားကြလေသည်။

အားလပ်ချိန်ကို ဤသို့သဘောထားသော လူငယ်တစ်ဦးသည် ဦးနှောက်စွမ်းအား ဖွံ့ဖြိုးအောင်၊ ဘဝ

mgyoe.com

mgyoe.com
တိုးတက်အောင် လုပ်ဆောင်နိုင်မည် မဟုတ်ပေ။ သူ့တွင် စွမ်းရည်မည်မျှရှိသည်ကိုလည်း သိနိုင်မည် မဟုတ်ပေ။ သူသည် ကုန်သွယ်မှု၊ စက်မှုလက်မှု၊ ပညာသည်အလုပ် စသည့်လုပ်ငန်းတစ်ခုခုတွင် ထိပ်တန်းအဆင့်သို့ ရောက်နိုင်သော်လည်း သူ့ဘဝတစ်လျှောက်လုံး သာမန်အလုပ်များဖြင့်သာ ကုန်ဆုံးသွားပေမည်။

လူငယ်များစွာတို့သည် အလုပ်တစ်ခုရှိနေလျှင် ကျေနပ်နေလေသည်။ သူသည် တစ်နေ့ ၈ နာရီခန့် လုပ်နေရသောကြောင့် ကျန်အချိန်များကို ပျော်ရွှင်စရာဖြင့်သာ ကုန်ဆုံးသင့်သည်ဟု ထင်မြင်လေသည်။ သူ လုပ်နေသောအလုပ်မှ ဘဝအတွက် ရှိသင့်ရှိထိုက်သော ပညာများ လုံလောက်စွာ ရနေပြီဟုလည်း လွဲမှားစွာ ယုံကြည်နေလေသည်။ အလုပ်ကြောင့် အသိပညာရှိနေပြီဟု ထင်နေသည်။ အလုပ်မှ သူ အတွေ့အကြုံရနေသည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်လုပ်ခြင်းသည် အဓိကမကျဘဲ၊ သူကိုယ်တိုင် သူသဘောမပေါက်ပေ။

လူငယ်တစ်ဦး ကျောင်းမှထွက်ပြီး အလုပ်ဝင်လုပ်သောအခါ သူပထမဦးဆုံးရသော သင်ခန်းစာမှ 'ခိုင်းသည့်အတိုင်း လုပ်ပေးရန်'ပင် ဖြစ်လေသည်။ မိမိ၏အထုံဝါသနာကို သိသူ အနည်းအကျဉ်းသာ ရှိသည်။ ယင်းသို့ စတင်လုပ်ကိုင်ရာမှ မိမိ၏အခြေအနေကို သိမြင်လာပြီး


mgyoe.com

mgyoe.com SAMPLE BOOK

အခွင့်အလမ်းများကိုလည်း မြင်လာနိုင်သည်။

အသက် ၃၀ ခန့်တွင် လုပ်ရသောအလုပ်သည် လူငယ်တစ်ဦးအဖို့ အလွန်အရေးကြီးသည်။ ထိုအချိန်တွင် သူသည် စွမ်းရည်ရှိသူတစ်ဦး ဖြစ်ကောင်း ဖြစ်နေမည်။ စွမ်းရည်ရှိသူတစ်ဦး ဖြစ်လာရန် သေချာသောနည်းလမ်း တစ်ခုမှာ အားလပ်ချိန်ကို ကောင်းစွာ အသုံးချခြင်းပင် ဖြစ်သည်။ လူငယ်တစ်ဦး ဘဝအဆင့် တိုးတက်ရေးအတွက် လုပ်ငန်း၌ တစ်နေ့ ၈ နာရီ လုပ်ခြင်းထက်၊ တစ်နေ့ အားလပ်ချိန် ၁ နာရီတွင် အသိပညာရှာခြင်းက ပိုမိုခရီး ရောက်သည်ဟုဆိုလျှင် ချဲ့ကားပြောခြင်း မဟုတ်ပေ။

၁၉၁၀ ခုနှစ်တွင် အသက် ၁၄နှစ်အရွယ် လူငယ် တစ်ဦး ကျောင်းထွက်ပြီး အတန်ပင်ကြီးမားသော ကုမ္ပဏီ တစ်ခု၌ ရုံးလုလင် လုပ်လေသည်။ သူသည် အေးဆေးစွာ နေလေ့ရှိပြီး မိမိကိုယ်ကို ထိန်းသိမ်းနိုင်သည်။ အခြား ရုံးစေများနှင့်မတူဘဲ အသိပညာ လိုလားသည်။ တန်ဖိုးရှိသူ ဖြစ်ချင်သည်။ သူလုပ်သော ကုမ္ပဏီ၏လုပ်ငန်းများကို အလွန် စိတ်ဝင်စားသည်။ ကုန်ပစ္စည်းများ၊ စာရင်းဇယား များ၊ ကြော်ငြာများကို လေ့လာသည်။

နွေရာသီအားလပ်ရက်များ ရသည့်အခါ ကုမ္ပဏီပိုင် စက်ရုံသို့ သူ သွားရောက်လေ့လာသည်။ ကုန်ပစ္စည်းထုတ် လုပ်ပုံများကို တစ်နေကုန် လှည့်လည်ကြည့်ရှုသည်။ စက်ရုံ


mgyoe.com

mgyoe.com

အတွင်း လှည့်လည်ကြည့်ရှုရန် သူ ခွင့်တောင်းရသည်။ ဤသို့ ခွင့်တောင်းသည့်အတွက် သူသည် အထူးခြားဆုံး ရုံးလုလင်ဟု အသိအမှတ်ပြုလာကြသည်။ ယင်းသို့ သူ သွားရောက်လေ့လာသည်ကို အုပ်ချုပ်ရေးမှူးများ သိသွားပြီး သူ့အကြောင်း ပြောဆိုကြလေသည်။

သူ့အသက် ၁၅ နှစ်မပြည့်မီ ကုမ္ပဏီထိပ်ပိုင်းမှ ပုဂ္ဂိုလ်ကြီးများက သူ့ကို သဘောကျ အာရုံစိုက်လာသည်။ မကြာမီ သူ့ကို စာတွဲဌာနသို့ ရာထူးတိုးမြှင့်ပေး၍ လစာလည်း တိုးလာသည်။ သူ့အသက် ၁၈ နှစ်ရှိသောအခါ လုပ်ငန်းစာအုပ်များနှင့် မဂ္ဂဇင်းများကို စတင်ဝယ်ယူဖတ်ရှုလေသည်။ လုပ်ဖော်ကိုင်ဖက်စာရေးများက သူ့ကို လှောင်ပြောင်ကြသည်။ သူဖတ်သောစာအုပ်များသည် လေလုံးထွားပြီး၊ အစိပ္ပာယ်မရှိဟု သူတို့က ဆိုကြသည်။ သို့သော် သူကတော့ ယင်းစာအုပ်များ၏တန်ဖိုးကို သဘောပေါက်သည်။

သူသည် သူ့အလုပ်၊ သူ့ကုမ္ပဏီနှင့် သူ့အနာဂတ်ကို စိတ်ဝင်စား အလေးထားသည်။ ထို့ကြောင့်ပင် အခြားလူငယ်အများနှင့် သူ ခြားနားနေမည်။ သူ့အား လှောင်ပြောင်ကြသည်ကို သူ ဂရုမစိုက်ပေ။ သူ့ရည်ရွယ်ချက်နှင့်သူ လုပ်ရှားနေသည်။ သူသည် စွမ်းရည်မြင့်မားအောင် ကြိုးစားနေသူဖြစ်သည်။ သူသည် အသိပညာတိုးပွားအောင် အစဉ်ကြိုးစားနေသောကြောင့် ရာထူးအဆင့်ဆင့် တိုးမြှင့်


mgyoe.com

mgyoe.com


လာသည်။ ယခုဆိုလျှင် သူသည် ယင်းကုမ္ပဏီကြီး၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်နေလေပြီ။ သူ့လက်အောက်တွင် အလုပ်သမား ၃၀၀၀ ကျော် အလုပ်လုပ်နေသည်။

သူ့ကို လှောင်ပြောင်ကြသော လုပ်ဖော်ကိုင်ဖက်များ သူ့လက်အောက် ရောက်လာသည်။ သူတို့သည် မိုက်မဲကြသည့်အလျောက်၊ သူ့အောင်မြင်မှုကို အံ့သြနေကြသည်။ သူသည် အလွန်ကံကောင်းသည်ဟု သူတို့ ထင်မြင်နေကြသည်။ သူတို့မျက်စိရှေ့တွင်ပင် သူ ရာထူး အဆင့်ဆင့် တိုးမြှင့်သွားသော်လည်း၊ သူ ဘာကြောင့် အောင်မြင်သည်ကို သူတို့ နားမလည်နိုင်ပေ။

သူသည် အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့်သို့ မြှင့်တက်သွားသည်မှာ ပညာဗဟုသုတနှင့် အလုပ်များ အပေါ် မှန်ကန်စွာ သဘောထားတတ်သောကြောင့်ပင် ဖြစ်လေသည်။ အရည်အချင်းတိုးတက်စေရန် အားလပ်ချိန်ကို သူ ကောင်းစွာအသုံးချလေသည်။ လူငယ်တစ်ဦးသည် လေ့လာသင်ယူလိုစိတ် ထက်သန်ပြီး စွမ်းရည်တိုးတက်အောင် ကြိုးစားနေလျှင် ထိပ်တန်းသို့ ရောက်ရှိမည်မှာ သေချာလေသည်။ ပညာဗဟုသုတ ရှာဖွေလိုစိတ်မရှိသူ၊ အလုပ် မလုပ်ချင်သူတို့ကတော့ သူ့ကို လှောင်ပြောင်ကြပေမည်။

mgyoe.com

mgyoe.com

အချို့လူတို့သည် အားလပ်ချိန်ကို အံ့သြဖွယ်ကောင်းလောက်အောင် အသုံးချနိုင်ကြလေသည်။ အလီဟူဘားရစ်အမည်ရှိ ယန်းပဲသမားသည် ယန်းပဲဖိုတွင် အလုပ်လုပ်ပြီး အားလပ်ချိန်တွင် လေ့လာပညာရှာရာ၊ ဘာသာပေါင်း ၅၀ ကျော် တတ်မြောက်လာလေသည်။

လုပ်ငန်းတာဝန်ကြီးများ ထမ်းဆောင်သည့် လူများစွာတို့သည် အလွန် အလုပ်များသည့်ကြားမှပင် တန်ဖိုးရှိသောစာအုပ်များကို ရေးသားကြလေသည်။ အချို့လူများသည် တီထွင်မှုများ၊ ကောင်းသည်ထက် ကောင်းအောင်ကြိုးစားအားထုတ်ကြသည်။ အချို့လူတို့မှာ အနုပညာသို့မဟုတ် သိပ္ပံပညာနယ်ပယ်တွင် အဆင့်မြင့်ယဉ်ကျေးမှုများကို ဖန်တီးလုပ်ဆောင်ကြလေသည်။

တစ်ချိန်က ငွေဝယ်ကျွန်ဖြစ်ခဲ့သည့် မိဘဘိုးဘွားတို့မှ ဆင်းသက်လာသော နီဂရိုးများစွာတို့သည် ယခုအခါဘဝအဆင့်အတန်း မြင့်မားနေလေပြီ။ စာရေးစာဖတ်နိုင်သူလည်း များလာလေပြီ။ အခွင့်အလမ်း နည်းပါး၊ အနှိမ်ခံနေရသည့်ကြားမှပင် နီဂရိုးများစွာသည် စွမ်းရည်တိုးတက်ကာမြင့်မားသည့်ဘဝအဆင့်သို့ တက်လှမ်းနေကြသည်။ အခွင့်အလမ်းနည်းပါးပြီး အနှိမ်ခံရသော နီဂရိုးများစွာတို့သူတို့ဘဝ အဆင့်မြင့်မားအောင် လုပ်ဆောင်နိုင်သော်လည်း သူတစ်ပါးနှင့် တန်းတူ အခွင့်အလမ်းရှိသော ယနေ့လူငယ်


mgyoe.com

mgyoe.com SAMPLE BOOK
များစွာတို့ မိမိတို့ဘဝ တိုးတက်မြင့်မားအောင် မလုပ်ဆောင်သည်မှာ အံ့သြစရာပင် ဖြစ်လေသည်။

ယခုခေတ်တွင် လုပ်ငန်းအမျိုးမျိုးအကြောင်းနှင့် ဘဝတိုးတက်ရေးဆိုင်ရာ စာအုပ်များစွာတို့ကို ဖတ်ရှုလေ့လာနိုင်လေပြီ။ အလွန် အဖိုးတန်အသုံးဝင်သော စာအုပ်များကို ဝယ်ယူဖတ်ရှုလေ့လာနိုင်လေပြီ။ လိုချင်သော အသိပညာတို့ကို စာအုပ်များမှ ရရှိနိုင်လေပြီ။

ယခုအခါ လူတစ်ဦးသည် အပျော်ဖတ်စာများ၊ သတင်းစာများကိုသာ ဖတ်နေလျှင် 'စာဖတ်သည့် အကျိုးကျေးဇူး' ကို ခံစားရမည် မဟုတ်ပေ။ စာဖတ်ခြင်းမှ အကျိုးအများဆုံးရရှိလိုလျှင် အသုံးဝင်၍ ပညာပေးသော စာအုပ်တစ်အုပ်ကို တစ်လလျှင် အနည်းဆုံး ဖတ်သင့်လေသည်။ မီးရထားဌာန ဥက္ကဋ္ဌကြီး ဆင်မြူရယ်ရီး အငြိမ်းစားယူသော အခါ သူ့အလုပ်သမားများကို နှုတ်ဆက်စကားပြောရာ၌

"ခင်ဗျားတို့အားလုံးကို စာအုပ်ကောင်းတွေ ဖတ်ဖို့ အကြံပြုလိုပါတယ်။ ဒီစာတွေဟာ အင်မတန်တန်ဖိုးရှိပါတယ်။ ဒီစကားကို မမေ့ပါနှင့်"

အချို့လုပ်ငန်း သို့မဟုတ် နည်းပညာဆိုင်ရာ စာအုပ်များသည် ရွှေတွင်းများလိုပင် အဖိုးတန်လေသည်။ ယင်းစာများမှ ငွေရှာနည်း အသိပညာ၊ အတတ်ပညာများကို


mgyoe.com

mgyoe.com SAMPLE BOOK

ရရှိနိုင်လေသည်။ အသိပညာ၊ အတတ်ပညာတို့ကို အချိန်ကုန် ငွေကုန်သက်သာစွာဖြင့် ရရှိနိုင်သည် လူတစ်ဦးသည် အခြားလူတစ်ဦး၏ တစ်ဘဝတာ အတွေ့အကြုံတို့ကို ၃-၄ နာရီအတွင်း ဖတ်ရှုသိမြင်နိုင်လေသည်။

စာအုပ်ကောင်းများ ဖတ်ရှုခြင်းသည် ပညာသင်ယူခြင်းပင် ဖြစ်သည်။ တက္ကသိုလ်ကျောင်းသည် ပညာသင်ယူမှု အစပြုသောနေရာသာ ဖြစ်သည်။

သီအိုဒိုရုစဗဲ့ တစ်ခါက ပြောဖူးသည်။

'၁၈၈၀ ခုနှစ်မှာ ဟားဘတ်တက္ကသိုလ်က ကျွန်တော် ဘွဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ ကျွန်တော့် ပညာရေး စ,ပါတယ်။ သူ့ဘဝတစ်လျှောက်လုံး စာအုပ်များကို ဖတ်ရှုနေလေသည်။

လူများစွာတို့သည် စာအုပ်ကောင်းတစ်အုပ်ကို ဖတ်ရှုပြီးနောက် အလုပ်တစ်မျိုးမျိုးလုပ်ရန် အကြံပေါ်လာလေသည်။ လုပ်ငန်းရှင်များစွာတို့သည် စာများများ ဖတ်သဖြင့် အကျိုးအမြတ် ပိုမိုးတိုးတက်လာလေသည်။

တစ်နေ့တွင် အလွန်ချမ်းသာသူတစ်ဦးကို စာအုပ်တစ်အုပ်ကိုင်လျက်တွေ့ရသဖြင့် 'ဘယ်လိုလဲ။ စာဖတ်တုန်းပဲလား' ဟု ကျွန်ုပ်မေးသည်ကို သူက 'မဖတ်လို့ မဖြစ်ဘူးလေ' ဟု ပြန်ဖြေလေသည်။


mgyoe.com

စီးပွားရေးလောကတွင် စာဖတ်ခြင်းကို အကောင်းမမြင်သူ အတော်များများ ရှိနေသည်။ သိပ္ပံပညာရှင်များနှင့် အသိပညာ၊ အတတ်ပညာရှင်များတွင် ယင်းသဘောမျိုး မရှိပေ။ လယ်သမားနှင့် လယ်လုပ်ငန်းရှင်များစွာသည် အတွေ့အကြုံပညာတို့ကို ပိုမိုအထင်ကြီးကြသည်။ ယင်းသို့ ထင်မြင်သည်မှာ အချို့သော လုပ်ငန်းဆိုင်ရာ စာအုပ်များ၊ လယ်ယာဆိုင်ရာစာအုပ်များသည် လက်တွေ့ မကျသောကြောင့်ပင် ဖြစ်လေသည်။

ယခုအခါ အသုံးဝင်စိတ်ချရသော လုပ်ငန်းဆိုင်ရာနှင့် လယ်ယာလုပ်ငန်းဆိုင်ရာ စာအုပ်ကောင်းများစွာ ထွက်နေလေပြီ၊ ဤသို့သော အသိပညာ၊ အတတ်ပညာများကို မရမယူသောသူများသည် အပတ်တကုတ် လေ့လာသင်ယူနေသော ပြိုင်ဖက်များနောက်တွင် ကျန်ရစ်နေမည်သာ ဖြစ်လေသည်။ ယနေ့အချိန်အခါတွင် လူတစ်ဦးတိုင်းသည် စာအုပ်ကောင်းများကို ဖတ်ရှုလေ့လာရန် လိုအပ်နေလေပြီ။

တစ်နေ့တွင် ပင်လယ်ကူးသင်္ဘောဖြင့် ခရီးထွက်နေစဉ် ကျွန်ုပ်သည် သင်္ဘောကပ္ပတိန်နှင့် တွေ့ဆုံလေသည်။ 'ခင်ဗျား စာအုပ်တွေဖတ်ပြီး အသိပညာတွေ အတော်ရနေပြီနှင့် တူတယ်'ဟု ကျွန်ုပ်ပြောသည်ကို၊ သူ သဘော



mgyoe.com

mgyoe.com SAMPLE BOOK
ကျပုံ မရပေ။ 'ဟင့်အင်း။ မရပါဘူးဗျာ။ ပင်လယ်ထဲမှာ အတွေ့အကြုံကပဲ ပညာယူရပါတယ်'ဟု ဆိုလေသည်။ သို့သော် သူ့အခန်းတွင် ပင်လယ်ရေကြောင်းဆိုင်ရာ စာအုပ်ကို ကျွန်ုပ် သတိထားမိပါသည်။ သူသည် ယင်းစာအုပ်မှ အသိပညာများယူနေသော်လည်း ယင်းအချက်ကို ဝန်ခံချင်ပုံ မရပေ။

လူများစွာတို့သည် စာဖတ်ခြင်းကို အထင်မကြီးဘဲ အတွေ့အကြုံမှပညာယူပြီး 'လက်တွေ့သမား'အဖြစ် အသိအမှတ်ပြု ခံလိုကြသည်။ သူတို့သည် တယူသန်ကာ ဟန်ဆောင်ခေါင်းမာနေကြသည်။ မိမိ၏လုပ်ငန်း သို့မဟုတ် ပညာရပ်နှင့် သက်ဆိုင်သောစာအုပ်များကို မဖတ်ရှုသူသည် ရသင့်ရထိုက်သော အသိပညာတို့ကို လက်လွှတ်ဆုံးရှုံးနေသူပင် ဖြစ်လေသည်။

'ခင်ဗျားတို့ စာအုပ်ကောင်းတွေ ဖတ်ရဲ့လား'ဟု မေးလာပါက၊ 'လူတိုင်းပင် သိပ်ဖတ်တာပေါ့ဗျာ။ ကျွန်တော်က အသိပညာ အတတ်ပညာတွေကို ရတဲ့နေရာက ယူနေတာပဲ။ ဒီခေတ်မှာ လူတစ်ယောက်ဟာ သူ့အတွက် လိုအပ်တဲ့ပညာတွေကို အတွေ့အကြုံတစ်မျိုးတည်းက ယူလို့ မရနိုင်တော့ပါဘူး'ဟု ပြန်ဖြေသင့်လေသည်။

ကျွန်ုပ်တို့သည် အမြဲတစေ မဟုတ်သော်လည်း၊ မကြာခဏ မိမိလုပ်ငန်းနှင့်ပတ်သက်၍ အတော်အတန်


mgyoe.com

သိနားလည်သည်ကို တွေ့နိုင်သည်။ သို့သော် မိမိလုပ်ငန်းနှင့်ပတ်သက်၍ 'က'မှ 'အ'အထိ သိနားလည်သူကိုတော့ တွေ့ရန် ခဲယဉ်းလေသည်။ မည်သည့်လုပ်ငန်းတွင်မဆို အသိပညာများကို လေ့လာတတ်မြောက်ရန် ဆုံးခန်းတိုင်သည် မရှိပေ။ အသစ်အဆန်း သင်ယူတတ်မြောက်ရန် အစဉ်ပင် ရှိနေသည်။ သူ့လုပ်ငန်းနယ်ပယ်တွင်ပင် လူတစ်ဦး မသိသေးသောအရာများသည် သူသိပြီးသော အရာများထက် များပြားနေလေသည်။ လူ့ဘဝသည် တိုတောင်းပြီး၊ လောကဓမ္မ သင်ယူတတ်မြောက်စရာတွေ များပြားလှပါသည်။

ကျွန်ုပ်သည် ဘဝတစ်လျှောက်လုံး အစဉ်ပင် စာဖတ်နေပါသည်။ သို့တိုင်အောင် ဖတ်သင့်သောစာအုပ်များစွာ ကျန်နေသေးသည်။ ဤအချက်ကြောင်း ကျွန်ုပ်သိသောအရာသည် မသိသောအရာများနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းနေပါသေးသည်။

ယေဘုယျအားဖြင့် လုပ်ငန်းရှင်များသည် သူတို့နှင့် အတူလုပ်သော လူများထံမှ အသိပညာအနည်းအကျဉ်းသာ ရရှိကြလေသည်။ အကုန်အကျများသော ကိုယ်တိုင်အတွေ့အကြုံမှလည်း အသိပညာ အသင့်အတင့်သာ ရလေသည်။ လုပ်ငန်းဆိုင်ရာစာအုပ် ၁၀ အုပ်ခန့် ဖတ်ပြီး


mgyoe.com

mgyoe.com
လျှင် ပညာရှင်ဖြစ်နေပြီဟု ယုံကြည်ကာ၊ အားလပ်ချိန်များကို အပန်းဖြေအနားယူရန်သာ စိတ်ကူးတော့သည်။ အတိုချုပ်ရလျှင် သူ့အသိပညာတို့သည် အခြေခံအဆင့်တွင်သာ ရှိနေပြီး သူ့လုပ်ငန်း မတိုးတက်သောအခါ အံ့သြနေလေသည်။

လုပ်ငန်းဟူသည် လူထုစည်းဝေးပွဲကြီးနှင့် မတူသောကြောင့် ဖြစ်ပျက်နေသည်ကို ထိုင်ကြည့်နေ၍ မရပေ။ စစ်ရေးပြသလို ကိုယ်တိုင် ပါဝင်လှုပ်ရှားရလေသည်။ ယင်းတွင် အကြံဉာဏ်သစ်၊ နည်းလမ်းသစ်များ အစဉ် လိုအပ်နေသည်။ လူတစ်ဦးသည် မည်မျှပင် တော်နေတတ်နေပါစေ သူ့အတွေးအမြင်တစ်ခုတည်းဖြင့် မလုံလောက်ပေ။ သူသည် အားလုံးကို မသင်ယူနိုင်သော်လည်း အစွမ်းကုန် လေ့လာသင်ယူသင့်လေသည်။ အသိပညာ အခြေခံအဆင့်မျှဖြင့် တိုးတက်အောင်မြင်နိုင်မည် မဟုတ်ပေ။

လူတစ်ဦး၏ ဘဝတိုးတက်မှုသည် သူ့အပေါ်တွင်သာ လုံးဝမူတည်နေလေသည်။ သူ့အနာဂတ်သည် သူ့အားလပ်ချိန်ကို သူအသုံးချမှုအပေါ်၌ မူတည်နေလေသည်။

'လေလွင့်မယ့်အချိန်ကို အသုံးချသူဟာ အကျိုးအမြတ် အပြည့်အဝခံစားရတယ်'ဟု စီစီနိုက် (C.C. Knight) က ကျွန်ုပ်ကို တစ်နေ့တွင် ပြောပါသည်။ ဤအချက်ကို ကောင်းစွာသိသူ အလွန်နည်းလေသည်။

mgyoe.com SAMPLE BOOK

လေလွင့်မည့်အချိန်ကို အသုံးချလျှင် အပိုစရိတ်မကုန်သော ကြောင့် ရသမျှသည် အသားတင်အမြတ်ပင် ဖြစ်လေသည်။

ဝါသနာအရလုပ်သောအလုပ်သည် မကြာခဏပင် အခွင့်အလမ်းသာသည့်အလုပ် ဖြစ်လာလေသည်။ တစ်ခါ တစ်ရံလည်း ယင်းသည် အရောင်းအဝယ်အလုပ် သို့မဟုတ်၊ ပညာသည်အလုပ် ဖြစ်လာလေသည်။ လန်ဒန် မြို့ရှိ ရည်မှန်းချက်မြင့်မားသော လူငယ်တစ်ဦးသည် ထင်ရှားကျော်ကြားသောပုဂ္ဂိုလ်များနှင့် တွေ့ဆုံခွင့်ရနိုင် သဖြင့် တံဆိပ်ခေါင်းစုဆောင်းခြင်းကို ဝါသနာသဘော ဖြင့် လုပ်လေသည်။ သူ့တွင် ဩဇာအာဏာရှိသော အသိ မိတ်ဆွေမရှိသော်လည်း သူ့စွမ်းရည်ကို သူ ယုံကြည်သည်။ ဝါသနာအလုပ်ဖြင့် အခွင့်အလမ်းရှာရန် သူ ကြိုးစားသည်။ နောက်ဆုံး၌ သူသည် လန်ဒန်မြို့တွင် အချမ်းသာဆုံးနှင့် အလေးစားခံရဆုံး ငွေကြေးရေးရာကျွမ်းကျင်သူတစ်ဦး ဖြစ်လာသည်။ ထို့ကြောင့် သင် လေ့လာခဲ့ပြီးသည့်အတိုင်း မိမိတွင် စွမ်းအားများ တိုးတက်မြင့်မားလာစေရန် ပထမ လှမ်းရမည့်ခြေလှမ်းမှာ အားလပ်ချိန်ကို ကောင်းစွာ အသုံးချရန် ဖြစ်လေသည်။ ယင်းသည် လူတိုင်းလုပ် ဆောင်သင့်သည့် အဖိုးတန်ဆုံးအလုပ်ပင် ဖြစ်လေသည်။

တစ်နေ့တွင် ၁ နာရီမျှ မိမိအရည်အချင်း တိုးတက် အောင် ကြိုးစားသူသည် ၁ နှစ်တွင် မိမိဘဝ တိုးတက် အောင် နာရီပေါင်းများစွာ အသုံးချနေသူပင် ဖြစ်လေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အသိပညာကြွယ်ဝသော အရောင်းမန်နေဂျာ 'မန်လီပီနော်သန်'က အောက်ပါအတိုင်း ဆိုလေသည်။

'မိမိ၏ တိုးတက်နိုင်သောအရည်အချင်းနှင့် ဖန်တီးနိုင်သောစွမ်းအားတို့ကို လျှော့တွက်သူသည် ဘဝတွင် မဟာအမှားကြီးကို ကျူးလွန်သူ ဖြစ်သည်။'

ဤအဆိုသည် နမော်နမဲ့အဆို မဟုတ်ပါ။ ယေဘုယျအားဖြင့် လူတို့သည် မိမိတို့၏ ဦးနှောက်စွမ်းအား ၁၀ပုံ၁ပုံခန့်ကိုသာ အသုံးချသည်ဟု ဦးနှောက်များကို ခွဲစိတ်လေ့လာသော ဆရာဝန်များက ဆိုကြသည်။ မိမိ၏ ဘဝတန်ဖိုး ၉၀ ရာခိုင်နှုန်းဆုံးရှုံးခြင်းသည် သေးမွှားသော အမှားတော့ မဖြစ်နိုင်ပေ။

လူငယ်အများစုသည် မိမိတွင် တိုးတက်အောင် မြှင့်နိုင်သည့်စွမ်းအားရှိသည်ကို သိသူအလွန်နည်းလေသည်။

လူကြီးများတွင် ဦးနှောက်စွမ်းအား မြင့်မားသူ အနည်းအကျဉ်းသာရှိပြီး၊ ယင်းစွမ်းအား နိမ့်ကျသူတို့မှာ သန်းပေါင်းများစွာ ရှိလေသည်။

လူ့ငယ် အနည်းငယ်မျှသာ တိကျသောရည်မှန်းချက်ဖြင့် ဘဝအဆင့်မြင့်မားအောင် စွမ်းအားရှိသမျှ ကြိုးပမ်းကြလေသည်။ ယင်းသို့ ကြိုးပမ်းအားထုတ်သော လူနည်းစုသည် သူတို့၏လုပ်ငန်း သို့မဟုတ် ပညာရပ်နယ်ပယ်တွင် ထိပ်တန်းသို့ ရောက်ရှိကြလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

အခန်း–၂
# ရည်မှန်းချက်မြင့်မားခြင်း

ဦးနှောက်စွမ်းအား မြင့်မားလာစေရန် ဒုတိယ လှမ်းရမည့်ခြေလှမ်းမှာ ထိုက်တန်ကောင်းမွန်သော ရည်မှန်းချက်ထားရှိရန်ပင် ဖြစ်လေသည်။ အားလပ်ချိန်ကို အကောင်းဆုံးအသုံးချရန် ဆုံးဖြတ်ပြီးသည်နှင့် မိမိကိုယ်ကို 'ဘာအတွက် ရည်မှန်းလုပ်ဆောင်မည်နည်း' ဟု မေးရပါမည်။ တိကျသည့် ဘဝမျှော်မှန်းချက်တစ်ခု ချမှတ်ရပါမည်။ တိကျသည့်ရည်မှန်းချက်မရှိလျှင် ပဲ့မပါသည့်လှေလိုလှိုင်းလေသယ်ရာ ဟိုဟိုသည်သည် ရောက်နေပေမည်။

ယနေ့ခေတ်တွင် စက်ရုံတစ်ရုံတည်ဆောက်သောအခါ ထုတ်လုပ်မည့်အခြေအနေကိုလိုက်၍ စက်ရုံပုံစံကို ရေးဆွဲတည်ဆောက်ကြရလေသည်။ စိတ်စွမ်းရည်ကို လေ့ကျင့်ပျိုးထောင်ရာတွင်လည်း မိမိ ဘာလိုချင်သည်ကို သိအောင်လုပ်ရပါမည်။ အမြင့်မားဆုံးအကျိုးကို ခံစားရစေရန် မိမိဦးနှောက်ကို အထူးကောင်းမွန်သော စက်တစ်ခုလို ဖြစ်နေအောင် ကြိုးစားလေ့ကျင့်ရပါမည်။



mgyoe.com

.သူတို့တွင် လိုချင်တောင့်တမှုများရှိသောကြောင့် သူတို့ကိုယ် သူတို့ ရည်မှန်းချက်ကြီးမားသည်ဟု လူငယ်များစွာတို့ ထင်မြင်နေကြသည်။ ဤသည်မှာ မိမိကိုယ်ကို လှည့်စားခြင်းသာ ဖြစ်သည်။ မျှော်မှန်းချက်တစ်ခုအတွက် စိတ်အားထက်သန်စွာ လိုချင်တောင့်တမှု ရှိသည်။ သို့သော် လူနည်းစုသာ သူတို့မျှော်မှန်းသည်ကို ရအောင် ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ကြိုးစားကြလေသည်။ လူငယ်များစွာတို့သည် အိပ်ခန်းကလေးထဲ ထိုင်ပြီး 'သူများတွေလို ဘာဖြစ်လို့ ငါ စည်းစိမ်နှင့် မနေနိုင်ရတာလဲ။ ဘာဖြစ်လို့ သူများလို ငါ ငွေတွေ မသုံးဖြုန်းနိုင်တာလဲ။ ဘချို့လူတွေ ဘာကြောင့် ဒီလောက်ကံကောင်းနေကြသလဲ'ဟု စဉ်းစားနေမိကြပေသည်။

ဤသို့သော မေးခွန်းများ သူတို့ခေါင်းတွင် ပေါ်လာသည်မှာ ကောင်းသောလက္ခဏာပင် ဖြစ်လေသည်။ လိုလားတောင့်တမှုသည် မျိုးစေ့နှင့်တူသည်။ အောင်မြင်သောဘဝများသည် လိုလားတောင့်တမှုမှ စ,လေသည်။ သို့သော် လိုလားတောင့်တရုံမျှဖြင့် ဘာမှဖြစ်လာမည် မဟုတ်ပေ။ အောင်မြင်သောဘဝကို လွယ်ကူစွာ မရနိုင်ပါ။ သစ်စေ့များကို စိုက်ပျိုးမှသာ အပင်ပေါက်ကာ တန်ဖိုးရှိလာသည်။ တိကျသောရည်မှန်းချက်ဖြင့် ကြိုးစားအားထုတ်မှသာ လိုလားတောင့်တမှုများ ပြည့်စုံလာပေမည်။



mgyoe.com

mgyoe SAMPLE BOOK

ပထမ လိုလားတောင့်တမှု ရှိရမည်။ ထို့နောက်ယင်း လိုလားတောင့်တမှုပြည့်ဝအောင် လုပ်ဆောင်နိုင်သည့်စွမ်းအား ရှိရမည်။ လိုလားတောင့်တမှုဖြစ်ပေါ်ရန်မခက်ပါ။ သို့သော် စိတ်စွမ်းအားကို အလွယ်တကူပျိုးထောင်၍ မရပါ။ စိတ်စွမ်းအားကို ပိုင်ဆိုင်လာရန်အကောင်းဆုံးနည်းလမ်းမှာ အသိပညာတစ်ခုခုကို လေ့လာခြင်း၊ သို့မဟုတ် အလုပ်တစ်ခုခု လုပ်နေခြင်း၊ သို့မဟုတ်အခြင်းအရာတစ်ခုခု တိုးတက်ကောင်းမွန်လာအောင်ဖန်တီးနေခြင်းပင် ဖြစ်လေသည်။

ထာဝရတည်မြဲသော အောင်မြင်မှုတိုင်း၏လျှို့ဝှက်ချက်မှာ လေ့လာသင်ယူခြင်း၊ လုပ်ဆောင်နေခြင်း၊ တိုးတက်ကောင်းမွန်အောင် ဖန်တီးနေခြင်း စသည်တို့ပင် ဖြစ်လေသည်။ ဤအဆိုသည် လုပ်ငန်းငယ်ကလေးကို လုပ်ကိုင်နေသော အသက် ၂၀ အရွယ် လူငယ်အတွက်ဖြစ်စေ၊ အသက် ၆၀ အရွယ် သန်းကြွယ်သူဌေးအတွက်ဖြစ်စေမှန်ကန်နေပေမည်။

လူငယ်တစ်ဦးသည် အလုပ်အချို့ကို ဖြစ်မြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်လျှင် မိမိကိုယ်ကို ယုံကြည်လာပြီး စိတ်စွမ်းအားများကို တိုးတက်လာစေလေသည်။ မိမိကိုယ်ကို သနားမှု၊ စိတ်ဓာတ်ကျဆင်းမှု ပျောက်ပြယ်စေလေသည်။ ရည်မှန်းချက် မြင့်မားလာသည်။ လိုလား


mgyoe.com

mgyoe.com SAMPLE BOOK

တောင့်တမှုများ ရရှိလာအောင် စိမ်အားထုတ်လာသည်။ သူ ထင်သည်ထက် သူ့တွင် စွမ်းရည်များပိုရှိနေသည်ကို သိမြင်လာသည်။ သူ့စွမ်းအားများကို ယုံကြည်အားကိုးလာသည်။ ပိုမိုခက်ခဲသောအလုပ်တို့ကို လုပ်ရန် ဝန်မလေးတော့ပေ။

သတိထားမှတ်သားရန်မှာ လိုချင်ရုံမျှဖြင့် အောင်မြင်မှု မရနိုင်သလို၊ စိတ်ချမ်းသာမည်လည်း မဟုတ်ပေ။ ခွဲသတ္တိမရှိသူများသည် အောင်မြင်မှုရကြမည် မဟုတ်ပေ။ စိတ်ဓာတ်အားနှင့် ခွဲလုံ့လတို့ဖြင့်သာ ရည်မှန်းချက်များပြည့်စုံလာနိုင်သည်။ လူနည်းစုသာ လိုအင်ဆန္ဒမှန်သမျှပြည့်ဝလေသည်။ ထိုက်သင့်အောင် ကြိုးစားလုပ်ဆောင်လျှင် တန်ရာတန်ကြေးပေးလျှင်၊ လိုချင်တာကို ရမည်ပင်။

လူတွင် တိကျသောရည်မှန်းချက်မရှိလျှင် ယောင်ခြောက်ဆယ် ဖြစ်နေပေမည်။ သူ့ဘဝသည် တည်ငြိမ်မှု မရှိဘဲ အလုပ်တစ်မျိုးပြီးတစ်မျိုး ပြောင်းနေမည်။ တစ်ခါတစ်ရံလည်း လူတစ်ဦးသည် မိမိအလုပ်ကို ရှုမုန်းငြီးငွေ့လာပြီး အခြားအလုပ်တစ်ခုကို ပြောင်းလုပ်ချင်တတ်လေသည်။

တစ်နေ့တွင် လူတစ်ဦး ကျွန်ုပ်ထံ စာရေးလာသည်။ သူသည် ကုန်ခြောက်ရောင်းသည့်အလုပ်ကို ငြီးငွေ့လာ၍၊ ကားပြင်သည့်အလုပ်ကို လုပ်လိုသည်ဟု ဆိုလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

နောက် ၂ နှစ်ခန့်ကြာလျှင် ပြောင်းဦးမည်ပင်။ အကြောင်းမှာ သူ့တွင် တိကျသောဘဝရည်မှန်းချက် မရှိ၍ စိတ်ကူးပေါက်သည့်အလုပ်ကို ပြောင်းလုပ်နေပေမည်။

လုပ်ငန်းရှင်အများစုသည် မကြာခဏပင် အခြားလုပ်ငန်းတစ်မျိုးမျိုးကို မိမိ လုပ်ကိုင်ရလျှင် စိတ်ချမ်းသာမည်ဟု ထင်နေလေသည်။ ရွာနား မြက် ရွာနွား မကြိုက်သည့်သဘောပင် ဖြစ်လေသည်။ သူသည် မိမိလုပ်ငန်း၏ အခက်အခဲကိုသာ သိပြီး အခြားလုပ်ငန်းများ၏ ပြဿနာကို မမြင်ပေ။ မိမိ နားမလည်သောလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလျှင် အကျိုးခံစားရမည် မဟုတ်ပေ။ မိမိ နားလည်ကျွမ်းကျင်သောလုပ်ငန်းကို စူးစိုက်လုပ်ကိုင်မှသာ အကျိုးကျေးဇူး ခံစားရပေမည်။

လွန်ခဲ့သောနှစ်များက သစ်စက်အလုပ် လုပ်သောလူတစ်ဦးနှင့် သိကျွမ်းလေသည်။ ယင်းလုပ်ငန်းမှ သူ အကျိုးကျေးဇူးခံစားရလေသည်။ သူ ဆက်လက်လုပ်ကိုင်နေရာ လွှစက် ၂၇ ခု ပိုင်ဆိုင်လာသည်။ သူ သစ်စက်တစ်မျိုးတည်းလုပ်နေသည်ကို မိတ်ဆွေတစ်ဦးက ဝေဖန်လေသည်။ 'အခြားလုပ်ငန်းတွေ ဘာလို့မတိုးချဲ့သလဲ'ဟု ယင်းမိတ်ဆွေကပြောသည်ကို၊ သူက 'မလုပ်ချင်ပါဘူးဗျာ။ ကျွန်တော် သစ်စက်အကြောင်းပဲ နားလည်တယ်'ဟု ပြန်ပြောလေသည်။ သူ့တွင် တိကျပြတ်သားသော ရည်မှန်းချက်ရှိသည်။


mgyoe.com